သလဲဘာကျေးရွာ

အရာတော်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်(၂၀၂၄-၂၀၂၅)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
သလဲဘာကျေးရွာ၊ အရာတော်မြို့နယ်
(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)
၂၀၂၅ခုနှစ်၊ ဧန်နဝါရီလ

မာတိကာ

မာတိကာ ၂

စကားချီး ၄

(၁) နိဒါန်း ၅

ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

(၂) ကျေးရွာ၏ ပထဝီအနေအထားနှင့် သဘာဝအရင်းအမြစ်များ ၆

(က) တည်နေရာ ၊ ပထဝီအနေအထားနှင့် မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ ၆

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ ပိုင်ဆိုင်မှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) အတန်းပညာကျွမ်းကျင်မှု

(စ) ရပ်ရေး၊ ရွာရေး

(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ ၈

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား-မ ရေးရာ

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေအနေကောင်းများနှင့် အဟန့်အတားများ ၁၀

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ ၁၁

(က) ဖွံ့ဖြိုးရေးပန်းတိုင်

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

နိဂုံး ၁၁

- သလဲဘာကျေးရွာ သယံဇာတပြမြေပုံ
- သလဲဘာကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်
- သလဲဘာကျေးရွာ ကျေးရွာတွင်း/ပြင်ပ အဖွဲ့အစည်းများပြပုံ

နောက်ဆက်တွဲ

- ကော်မတီဝင်များစာရင်း
- ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား
- ဦးစားပေးအဆင့်ခွဲခြားသတ်မှတ်ခြင်း
- အကောင်အထည်ဖော်မည့်နှစ်အလိုက် ဦးစားပေးစီမံချက်များ
- ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

စကားချီး

ဤကျေးရွာ ဖွံ့ဖြိုးရေးစီမံချက်သည် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာသူ၊ ကျေးရွာသားများ ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးကျေးဇူးတင်ရှိပါသည်။ စီမံချက်များ အတွက် အဖက်ဖက်မှပိုင်းဝန်းကူညီပံ့ပိုးပေးပါသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူးများ ၊ ဆယ်အိမ်မှူးများနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် လူမှုရေးအဖွဲ့အစည်းများ ၊အရပ်ဖက်အဖွဲ့အစည်းများနှင့် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများ ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သော်လည်း လူထုအင်အား စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိရှိခဲ့ကြပါ။ ကျေးရွာသူကျေးရွာသားများ စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်နည်းများကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းလုပ်ဆောင်သည့် အလေ့အကျင့်ကောင်းတစ်ခုကို ရရှိနိုင်အောင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ယခုစီမံကိန်းမှ လုပ်ငန်းစဉ်များကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုများကို သိရှိနားလည်လာရုံသာမက အခြားဌာနဆိုင်ရာများနှင့် အုပ်ချုပ်ရေးမှူးရုံးကဲ့သို့ အဖွဲ့အစည်းများမှ ကိန်းဂဏန်းအချက်အလက်များ ရရှိနိုင်သော နေရာများမှလည်း ကောက်ယူနိုင်ခဲ့ကြ ပါသည်။ ထို့ပြင် ပညာရေး၊ ကျန်းမာရေး ၊ လူမှုရေးစသည့်တို့နှင့် သက်ဆိုင်သည့် ကိန်းဂဏန်းအချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ သွားရောက်ရယူရန် လိုအပ် ကြောင်းကိုလည်း သိရှိနားလည်ခဲ့ပါသည်။

ယခုရေးဆွဲထားသော စီမံချက်သည် ပြီးပြည့်စုံသည်ဟု မဆိုနိုင်ပါ။ ဘက်ပေါင်းစုံမှ ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များကို ထပ်မံဖြည့်စေးနိုင်မည်ဆိုပါက ပိုမိုကောင်းမွန်လာမည်ဖြစ်ပါသည်။ ဤလုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုအားနှစ်အလိုက် ပေါ်ပေါက်လာသည့် အခက်အခဲများပေါ်မူတည်၍ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းမှ ပြုပြင်ပြောင်းလဲမှုများကို ဆက်လက်လုပ်ဆောင်သွားရမည်ဖြစ်ပါသည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ၊ ရာအိမ်မှူးများနှင့် မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည် ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်းကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှုအခြေအနေများ ကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ် ရန်အတွက်ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

၂၀၂၅ ခု နှစ် ၊ လ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
သလဲဘာ ကျေးရွာ
အရာတော်မြို့နယ်

၁။ နိဒါန်း

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျေးရွာလူထု၊ ဦးစီးဌာန၊ နိုင်ငံတော် / မိတ်ဖက်အဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးညှိနှိုင်းပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝလိုအပ်ချက် ၊ ကျေးရွာသူ / သားများဖြစ်ချင်သောဆန္ဒကို ကျေးရွာသူ/သားများကိုယ်တိုင် စီမံချက်ရေးဆွဲခြင်း၊ ပါဝင်ဆွေးနွေးခြင်းဖြင့် အောင်မြင်သော စီမံကိန်းတစ်ရပ်ဖြစ်တည်လာအောင် ဖော်ဆောင်သည့် အစီအစဉ်ဖြစ်ပါသည်။

ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

ကျေးရွာဖွံ့ဖြိုးရေးကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာသူရွာသားများကိုယ်တိုင် ပါဝင်ခဲ့ကြသည်။ မူလကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင် အတွေ့အကြုံမရှိသဖြင့် အောင်မြင်စွာရေးဆွဲ နိုင်ခဲ့ခြင်းမရှိပေ။ ယခုနိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ပန်းတိုင်ရောက်ရှိရန် လမ်းစပေါ်ပေါက်ခဲ့ပါသည်။ ကျေးရွာရှိ အုပ်ချုပ်ရေးမှူး၊ လူမှုကူညီရေးအဖွဲ့အစည်း၊ နာယကအဖွဲ့အစည်းလူကြီးမင်းများနှင့်ညှိနှိုင်းတိုင် ပင်ကာ ကျွန်ုပ်တို့အဖွဲ့အစည်းမှရှေ့သို့ တက်လှမ်းနိုင်ခဲ့ပါသည်။ ယခင်ဖွဲ့စည်းပုံနှင့် ကျေးရွာတိုးတက်ရေးမှာ နှေးကွေးစွာကြန့်ကြာသည့်အပြင် လူမှုရေး၊စီးပွားရေး၊ အခြားကဏ္ဍများမှာ ပွင့်လင်းမြင်သာမှုမရှိဘဲ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးသည် တစ်နှစ်ပြီးတစ်နှစ် နောက်ကျ ကျန်ရစ်ခဲ့ပါသည်။ လက်ရှိကျေးရွာအား ဖွံ့ဖြိုးတိုးတက် နိုင်စေရန် နိုင်ငံတော်ကို တင်ပြနိုင်ခဲ့ခြင်းဖြစ်ပါသည်။ ကျေးရွာ၏ စီးပွားရေးအင်အား မရှိသည့်အလျောက် တိုးတက်ရေးအပိုင်းတွင် စီမံကိန်းရေးဆွဲသလောက် ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပေ။ အဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များနှင့် လက်တွဲပူးပေါင်းကာ လမ်းညွှန်ထားသည့် စည်းကမ်းချက်များနှင့် ကိုက်ညီနိုင်စေရန် ကြိုးစား၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထားမိပါသည်။ ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို အကောင်အထည်ဖော်ရန်နှင့်အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်၊ အစိုးရအဖွဲ့အစည်းများသို့ တင်ပြမည်ဖြစ်ပါသည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ကျေးရွာနှင့်ကျေးလက်လူပြည်သူထု၏တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့်ကျွန်ုပ်တို့ကျေးရွာနှင့်ဆိုင်သောဌာနဆိုင်ရာတို့ ၏ သုတေသနလုပ်ငန်းများကို စီစစ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

ကျေးရွာ၏ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင်အချိန်ကာလတစ်ခုအတွင်းကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သောဝေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရရှိနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသဖြင့် ယခုအခါ ယခင်ကဲ့သို့ မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲခဲ့ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာ အခက်အခဲများရှိပါသည်။ သို့ဖြစ်ပါ၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံး ဖြည့်ဆည်းပေးနိုင်မည့် စီမံကိန်းများကို ဦးစားပေးဆောင်ရွက်ပါသည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သောအရင်းအနှီးများ ပြည်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

၂။ ကျေးရွာ၏ ပထဝီအနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ပထဝီအနေအထားနှင့် မြေမျက်နှာသွင်ပြင်အနေအထား

သလဲဘာကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး ၊ အရာတော်မြို့နယ်၏ အရှေ့ဘက်၊ အရာတော်-ရွှေဘိုကားလမ်း (၁၁) မိုင်ခန့်အကွာတွင်တည်ရှိပြီး မြောက်ဘက်တွင် စပါးတွင်းကျေးရွာ၊ တောင်ဘက်တွင် ဆင်တလည်ကျေးရွာ၊အရှေ့ဘက်တွင် မူးမြစ် တို့နှင့် ဆက်စပ်လျက် ရှိပါသည်။ ကျေးရွာသည် မြေပြန့် ဒေသ တွင် တည်ရှိပြီးသွားရေးလာရေးမှာပွင့်လင်းရာသီများတွင်လွယ်ကူ၍မိုးရာသီတွင်သွားလာရေးခက်ခဲပါသည်။ မြေဆီလွှာ အနေအထား နှင့် အရည်အသွေးမှာ အသင့်အတင့်ရှိပြီး စနယ်မြေ၊ နုန်းမြေ နှင့် သဲဆန်သောမြေများဖြစ်၍ဒေသ နှင့် ကိုက်ညီသော သီးနှံများ ဖြစ်သည့် စပါး ၊ မြေပဲ နှင့် ပဲမျိုးစုံ ကို အဓိကထားစိုက်ပျိုးကြပြီး ဥယျာဉ်ခြံမြေဖြစ်သော သရက် ၊ သနပ်ခါး နှင့် လျှော်ဖြူခြံ အနည်းငယ်သာ ရှိပါသည်။

(ခ) သဘာဝအရင်းအမြစ်များ

ယခင်က စနယ်မြေများတွင် ဂျုံကို အဓိကထားပြီး စိုက်ပျိုးကြသော်လည်း ဈေးကွက်လျော့နည်းလာခြင်းကြောင့် စိုက်ပျိုးမှု မရှိတော့ပေ။ ယခုအခါတွင် အရာတော် (၃) မြစ်ရေတင် စီမံကိန်းမှ ရေများပေးဝေမှုကြောင့်စပါးစိုက်ကေများကိုတိုးချဲ့လုပ်ကိုင်လာကြပါသည်။ကျေးရွာပတ်ဝန်းကျင်တွင်သဲ၊ကျောက်စရစ်အနည်းငယ် ရှိပါသည်။

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ ကောက်ယူရာတွင် အိမ်ထောင်စုပေါင်း(၅၅၈) ရှိပြီး ကျား(၁၁၃၆) ဦး၊ မ(၁၄၈၄)ဦး ရှိ၍စုစုပေါင်း လူဦးရေ (၂၆၂၀)ဦးရှိပြီး၊ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှ (၅)ဦးနှုန်းအောက် နည်းပါးပါသည်။ ကျေးရွာတွင် ဗမာလူမျိုးများ အများဆုံး နေထိုင်လျက် ရှိပါသည်။

(ခ) စီးပွားရေးအခြေအနေပိုင်ဆိုင်မှု

စိုက်ပျိုးရေးလုပ်ငန်းသည် အဓိက ဝင်ငွေရ စီးပွာရေးလုပ်ငန်းဖြစ်ပြီး မွေးမြူရေးကို တနိုင်တပိုင်သာ ပြုလုပ်ကြပါသည်။ ဝင်ငွေအနေအထားမှာ အသင့်အတင့်သာ ရှိပါသည်။ ကျေးရွတွင် လွယ်မြေ ၊ယာမြေ အများစု မိုးကောင်းရေကိုသာ အားထား၍ စိုက်ပျိုးနိုင်သောကြောင့် တောင်သူအများစုမှာ စီးပွားရေး ကောင်းမွန်မှု မရှိပါ။ မြစ်ရေတင် စီမံကိန်းမှ ရေရရှိသော တောင်သူအချို့သာ စီးပွားရေး အသင့်အတင့်ကောင်းမွန်ကြသည်။ ကျေးရွာတွင် ပြေလည်သော အိမ်ထောင်စုနည်းပြီး မပြေလည်သော အိမ်ထောင်စုများမှာ အများအပြား ရှိပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့များ အသင့်အတင့်ရှိပြီး ရာသီအလိုက် ကျပန်း လုပ်ငန်းများလည်း လုပ်ကိုင်ကြကာ စီးပွားရေး ပြေလည်မှု မရှိသောကြောင့် အခြားဒေသများသို့လည်း အလုပ်အကိုင်ရှာဖွေ၍ သွားရောက် လုပ်ကိုင်ကြပါသည်။ တစ်ခါတစ်ရံ မိုးခေါင်ခြင်းများလည်း ကြုံတွေ့ရပြီး စားနပ်ရိက္ခာ မပေါများသော်လည်း နေ့စဉ် စားဝတ်နေရေး အဆင်ပြေစေရန်အတွက် ရုန်းကန်လှုပ်ရှားကြရပါသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ကျေးရွာသူ/သားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါဖြစ်ပွားမှု နည်းပါးပါသည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိပါသည်။ ကျေးရွာ၏ အရေးကြီးလူနာများအတွက် (၁၁)မိုင်ခန့်ဝေးသော အရာတော်မြို့နယ်ဆေးရုံသို့သွားရောက် ကုသ ကြပါသည်။ နှစ်စဉ် မိုးရာသီတွင် ကလေးသူငယ်များ သွေးလွန်တုပ်ကွေး ဖြစ်ပွားတတ်ပြီး လူကြီး၊ လူငယ်များတွင် ဝမ်းပျက်၊ ဝမ်းလျှောရောဂါများ နှင့် မိုးရာသီတုပ်ကွေး ရောဂါများ ကူးစက်ခံရလေ့ရှိပါသည်။ ကျန်းမာရေးစောင့် ရှောက်မှု အနေဖြင့် ကာကွယ်ဆေးထိုးနှံမှုများ ၊ မိုးရေလှောင်ကန်များဖြင့် ခြင်သတ်ဆေးများ ထည့်သွင်းခြင်းတို့ ပြုလုပ်ကြ ပါ သည်။ အာဟာရအနေဖြင့်ကျေးရွာအခြေခံပညာအထက်တန်းကျောင်းတွင်ကျောင်းရှိကျောင်းသား/သူများအား အာဟာရ တိုက်ကျွေးခြင်းများလည်း ရှိပါသည်။

(င) အတန်းပညာကျွမ်းကျင်မှု

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အသင့်အတင့်သာရှိကြောင်း တွေ့ရှိရပါသည်။ကျေးရွာသူ၊ ကျေးရွာသား အများစုသည် အခြေခံအရေး ၊ အဖတ် ၊ အတွက် တတ်မြောက်ကြပြီး တက္ကသိုလ်ပညာရပ်များဖြင့် ဘွဲ့ရရှိသူများလည်း အနည်းငယ်ရှိပါသည်။ အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုသင်တန်းများလက်လှမ်းမမှီသောကြောင့်လူငယ်များမှာအသက်မွေးဝမ်းကြောင်းပညာနိမ့်ကျနေဆဲဖြစ်ပါသည်။

(စ) ရပ်ရေးရွာရေး

ကျေးရွာ၏ ရပ်ရေးရွာရေးလုပ်ငန်းများကို အဖွဲ့အစည်းပေါင်းစုံမှ ပုဂ္ဂိုလ်များဦးဆောင်၍ လုပ်ကိုင်ဆောင်ရွက်နေကြပါသည်။ရွာသူ/သားများသည်လည်း မည်သည့်လုပ်ငန်းကိုမဆို စည်းလုံးညီညွတ်စွာနှင့် ဝိုင်းဝန်းလုပ်ကိုင်ဆောင်ရွက်ကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများတက်ကြွစွာပါဝင်ဆောင်ရွက်မှု အားကောင်းပါသည်။

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်း၊ အများနှင့်ဆိုင်သောသာရေးနာရေးလုပ်ငန်းကိစ္စများတွင် ဝိုင်းဝန်းဆောင်ရွက်ကြပါသည်။ ဂေါပကအဖွဲ့ ၊ ချက်ရေးပြုတ်ရေးအဖွဲ့ ၊ သဟာရ အမျိုးသမီးပရဟိတ အဖွဲ့၊ လူမှုကူညီရေး အသင်းနှင့် မီးလင်းရေးအဖွဲ့ တို့ဖြစ်ကြပါသည်။ ကျေးရွာတွင် သာရေး၊နာရေး ၊လူမှုရေးကိစ္စကြီးငယ် ပေါ်ပေါက်လျှင် ရွာသူ /ရွာသားများ စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက်ကြပါသည်။ ပြင်ပမှ အသေးစားချေးငွေ အဖွဲ့များ နှင့် သမဝါယမ အသင်းအဖွဲ့များ ရှိသော်လည်း သက်ဆိုင်ရာ စီမံချက်လုပ်ငန်းများ အကောင်အထည်ဖော်ရုံသာ ဖွဲ့စည်းထားသည့်ပုံစံဖြစ်ပါသည်။ ခြုံငုံ၍သုံးသပ်ရလျှင် သာရေးနာရေးကိစ္စများ ဆောင်ရွက်ရန်မိရိုးဖလာဖွဲ့စည်းထားသော အဖွဲ့အစည်းများကသာ အားကောင်းကြပြီး ကျေးရွာဖွံ့ဖြိုးရေးကို စီမံကိန်းချ၍ ရေရှည်ဆောင်ရွက်နိုင်မည့် အဖွဲ့အစည်းစနစ် မရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာ၏အဓိကဝင်ငွေရလုပ်ငန်းမှာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ အဓိကစိုက်ပျိုးသီးနှံသည် နှမ်း၊ မြေပဲ၊ စပါး၊ ပဲအမျိုးမျိုးနှင့် ဥယျာဉ်ခြံမြေအဖြစ် သရက် ၊သနပ်ခါး နှင့် လျှော်ဖြူခြံ အနည်းငယ် စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် စိုက်ပျိုးမြေ ဧက (၁၆၀၀) ဧကခန့် ရှိပြီး မိရိုးဖလာ စိုက်ပျိုးသီးနှံများကိုသာ အဓိကထား စိုက်ပျိုးကြပါသည်။တောင်သူများသီးနှံထုတ်လုပ်မှုသည် ဈေးကွက်တည်ငြိမ်မှုမရှိခြင်းတို့ကြောင့် စီးပွားရေး အဆင်ပြေခြင်း မရှိပါ။ စိုက်ပျိုးရေးသက်သက်ဖြင့် စီးပွားရေး အဆင်မပြေသဖြင့် နွား ၊ဝက်၊ ကြက် များကိုလည်း တွဲဖက်၍မွေးမြူကြပါသည်။မြေယာမရှိသောသူများမှာကျပန်းလုပ်ငန်း၊ပန်းရံလုပ်ငန်း၊လက်သမားလုပ်ငန်းများဖြင့် အသင့်အတင့်အဆင်ပြေသည်ကိုတွေ့ရှိရပါသည်။

(ဂ) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

ကျေးရွာတွင်အထက်တန်းကျောင်း၊ကျေးလက်ကျန်းမာရေးဌာနခွဲရှိပါသည်။သို့အတွက်ကျောင်းသား/သူများမှာအထက်တန်းအဆင့်ပြီးမြောက်သည့်အထိပညာသင်ကြားနိုင်ပြီးတက္ကသိုလ်ပညာအတွက်မုံရွာမြို့သို့ သွားရောက်ပညာသင်ကြားရပါသည်။ ကျန်းမာရေးအတွက် ကျေးလက်ကျန်းမာရေးဌာနခွဲ ရှိပြီး အရာတော်မြို့နယ် ဆေးရုံသို့လည်း သွားရောက်ကုသကြပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ငွေကြေးဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများအတွက် လိုအပ်သော ချေးငွေကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုး/ဆောင်းဘဏ်ချေးငွေများအား နှစ်စဉ်နှစ်တိုင်းထုတ်ချေးပေးလျက်ရှိရာ လယ်မြေ (၁) ဧကလျှင်(၁၅၀၀၀၀)ကျပ်နှုန်း၊ ယာမြေအတွက် (၁)ဧကလျှင်(၁၀၀၀၀၀)ကျပ်နှုန်းဖြင့်ထုတ်ချေးပါသည်။အခြားငွေစုငွေချေးအသင်းများ ဖြစ်ကြသော သမဝါယမအသင်း၊ Pact Myanmar၊ စထာပနာ၊ မဟာစိုက်ပျိုးရေး စသော အဖွဲ့များမှလည်း ချေးယူကြပါသည်။

(c) ပညာရေး

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အသင့်အတင့်ရှိပြီး ကျေးရွာသူ၊သားအများစု မှာ မူလတန်းအဆင့်၊အလယ်တန်းအဆင့်အထိပြီးမြောက်ကြပြီး၊တက္ကသိုလ်ဘွဲ့ရပြီးသူများအသင့်အတင့်သာရှိပါသည်။ ကျေးရွာတွင် အထက်တန်းကျောင်း ရှိသောကြောင့် ယခုအခါ အထက်တန်း အဆင့်ပြီးမြောက်မှု များလာ သော်လည်း တက္ကသိုလ်ပညာသင်ဆက်လက် တက်ရောက်သူ နည်းပါးပါသည်။အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုသင်တန်းများလက်လှမ်းမမှီသောကြောင့်လူငယ်များမှာအသက်မွေးဝမ်းကျောင်းပညာတက်မြောက်မှုအားနည်းနေခြင်း ဖြစ်ပါသည်။

(စ) ကျန်းမာရေး

ကျေးရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါဖြစ်ပွားမှုနည်းပါးသည်။ နှစ်စဉ်မိုးရာသီတွင်သွေးလွန်တုပ်ကွေး ဖြစ်ပွားတက်ပြီး လူကြီး၊လူငယ်များတွင် မိုးရာသီ တုပ်ကွေးရောဂါ ကူးစက်ခံရလေ့ရှိသည်။ မိသားစု ဝမ်းစာအတွက် နေ့စဉ်ဝင်ငွေရရှိအောင် အလုပ်အကိုင် အထိုက်အလျောက် လုပ်ကိုင်ကြသည့်အတွက် အသင့်အတင့် အဆင်ပြေပြီး ကျေးရွာ အိမ်ထောင်စုဝင်များ ကလေးသူငယ်များ အပါအဝင် ယေဘုယျအားဖြင့် အာဟာရဓါတ်ချို့တဲ့မှု မရှိကြပါ။ အမျိုးသမီးများအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို ကျေးရွာရှိကျေးလက်ကျန်းမာရေး ဌာနခွဲမှရရှိကြသည်။ ကလေးသူငယ်များအတွက် ကျန်းမာရေးကာကွယ်ဆေးတိုက်ကျွေးသော အစီအစဉ်များကို ကျန်းမာရေးဌာနမှ နှစ်စဉ်ဆောင်ရွက် ပေးပါသည်။

(ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာမှ လယ်မြေ၊ ယာမြေများ တွင် နှစ်စဉ် နှမ်း၊ ပြောင်း၊ ပဲအမျိုးမျိုးတို့ စိုက်ပျိုးကြပြီး ဓါတုဗေဒကွန်ပေါင်းဓါတ်မြေဩဇာများအသုံးပြုခြင်း၊ ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေး အမျိုးမျိုးတို့ကို အသုံးပြုခြင်းကြောင့် မြေဆီလွှာ ပျက်ယွင်းမှုများနှင့် ကြုံတွေ့နေရပါသည်။ ထို့ကြောင့် ဓာတ်မြေဩဇာအသုံးပြုခြင်းအစား သဘာဝမြေဩဇာများဖြစ်သော နွားချေး ၊ သိုးချေး ၊ သစ်ရွက်ဆွေးများကို ထည့်သွင်းခြင်းဖြင့် မြေဆီလွှာ ပျက်ယွင်းမှုကို ကာကွယ်နိုင်ပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှု မရှိအောင် ကာကွယ်နိုင်ပါသည်။

(ဇ) ကျား-မ ရေးရာ

ကျားမဆိုင်ရာအခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများက ဦးဆောင်ပြီး အမျိုးသမီးများက ပံ့ပိုးကူညီကြပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများတွင် အမျိုးသားများက ထွန်ယက်ပြီး အမျိုးသမီးများက အမှိုက်ကောက်ခြင်း ၊ ပေါင်းသင်ခြင်းများ လုပ်ကိုင်ကြပြီး ဒိုးတူပေါင်းဖက် လုပ်ကိုင် ကြပါသည်။ ဘာသာရေးပွဲများ ၊ ရိုးရာယဉ်ကျေးမှု ပွဲတော်များတွင် အမျိုးသမီးများသည် အမျိုးသားများနှင့် အတူပူးပေါင်းဆောင်ရွက်ကြသည်။ဒေသတွင်းအုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲမှုကိစ္စရပ်များတွင်အမျိုးသမီးများ၏ အခန်းကဏ္ဍာနည်းပါးနေသေးကြောင်း တွေ့ရှိရပါသည်။မူလတန်းကျောင်းပညာရေးမှတက္ကသိုလ်ပညာရေးအထိကျား/မ တန်းတူအခွင့်အရေး ရရှိပါသည်။

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာတွင်း မူလလမ်းရှိသော်လည်း မိုးရေတိုက်စားပျက်စီး၍ ရေဝပ်ချိုင့်ဝှမ်းများ ဖြစ်ပေါ်ပြီး ရွာတွင်းလမ်းများကောင်းမွန်ရေးအတွက်ဆောင်ရွက်ရန်ပံ့ပိုးငွေကြေးအခက်အခဲများရှိခြင်း ၊ နည်းပညာပိုင်းဆိုင်ရာ နှင့် စက်ယန္တရားများ လက်လှမ်းမှီမှု အားနည်းခြင်း စသည့် အဟန့်အတားများ နှင့် ရင်ဆိုင်နေရပါသည်။

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်ရန်အတွက်ကျေးရွာတွင်းလမ်းများမှာလည်း ဖြောင့်ဖြူးလျက် ရှိပါသည်။ကျေးရွာလူထုမှာတက်ကြွစွာပူးပေါင်းဆောင်ရွက်နိုင်မှု အားကောင်းပါသည်။ နည်းပညာပိုင်းဆိုင်ရာ နှင့် စက်ယန္တရားများ ၊ငွေကြေးထောက်ပံ့မှုများလက်လှမ်းမီမှုရှိပါကကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် လုပ်ကိုင်ဆောင်ရွက်နိုင်သည့် အထောက်အပံ့များဖြစ်စေနိုင်ပါမည်။

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာတွင်း မူလလမ်းရှိသော်လည်း မိုးရေတိုက်စား ပျက်စီး၍ ရေဝပ်ချိုင့်ဝှမ်းများဖြစ်ပေါ်နေပါသည်။ရွာတွင်းလမ်းများချဲ့ထွင်ရေးအတွက်ဆောင်ရွက်ရန်ပံ့ပိုးမှုငွေကြေးအခက်အခဲများရှိခြင်း၊နည်းပညာပိုင်းဆိုင်ရာနှင့် စက်ယန္တရားများ လက်လှမ်းမီမှုအားနည်းခြင်းစသည့်အချက်များကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားဖြစ်စေပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့်(၅) နှစ်တာကာလအတွက်ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကိုအောက်ပါအတိုင်း ချမှတ်ထား ပါသည်-

(၁) မိမိတို့နေထိုင်သောကျေးရွာသည် ဘာသာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး စသည့်ဖွံ့ဖြိုးရေးလုပ်ငန်းများကို အတူတကွ စုပေါင်း ဆောင်ရွက်ခြင်း ဖြင့် စည်းလုံးညီညွတ်သော စံပြကျေးရွာ ဖြစ်လာစေရမည်။

(၂) မိမိတို့နေထိုင်သောကျေးရွာသည် ကျေးရွာအင်္ဂါရုပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာ စေရမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြသော ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများအောင်မြင်ရန် အောက်ပါ အကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်-


ကျေးရွာတွင်နည်းပညာပိုင်းဆိုင်ရာနှင့်စက်ယန္တရားများ၊ငွေကြေးထောက်ပံ့မှုများရရှိရေးတို့ကိုဆောင်ရွက်ပြီးကျေးရွာသူ/သားများအားလုံး တက်ကြွစွာပူးပေါင်းပါဝင်၍ကျေးရွာတွင်း လမ်းဂျင်းခင်းခြင်း လုပ်ငန်းဆောင်ရွက်သွားမည်။

နိဂုံး

ကျေးရွာလူထု၏လူနေမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်လုပ်ငန်းများဆောင်ရွက်ရာတွင်ကျေးရွာလူထု၏ပူးပေါင်းပါဝင်မှုရရှိရေး၊လိုအပ်သောအထောက်အပံ့များရရှိရန်ပြင်ပအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရေးအတွက်ကျေးရွာဖွံ့ဖြိုးရေးကော်မတီအနေဖြင့် ဆောင်ရွက်သွား မည် ဖြစ်ပြီးဖွံ့ဖြိုးရေးကွင်းဆက်ပါလုပ်ငန်းများကိုလည်း(၅)နှစ်တာကာလအတွင်းအောင်မြင် ပြီးမြောက် အောင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

----သလဲဘာ------ကျေးရွာအုပ်စု၊ ----သလဲဘာ------ကျေးရွာ၏သဘာဝသယံဇာတပြမြေပုံ

ရက်စွဲ၊




----သင်ခဲ့ဘာ--- ကျေးရွာအုပ်စု၊ ------သင်ခဲ့ဘာ---ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်

အဖွဲ့( )

ရက်စွဲ၊

အဖြစ်အပျက်	တန်ခူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	တော်သလင်း	သီတင်းကျွတ်	တန်ဆောင်မုန်း	နတ်တော်	ပြာသို	တပို့တွဲ	တပေါင်း
ရာသီဥတု												
အလုပ်အကိုင်	ယာရှင်း		ပေါင်းတင်	ဒိန်းဂိတ်	ကောက်ရိတ်	မြေခြောက်ဆေး	ဝဲမျိုးစုံစိုက်	ဆပါးဂိတ်	စပေါ်ထောင်း	နွားစာရှာ	မြေဝဲနှုတ်	သီးနှံသိမ်း
လက်လုပ်လက်စားမိသားစုများ ဝင်ငွေရရှိမှု(မရှိ/နည်း/များ)	နည်း	မရှိ	နည်း	နည်း	နည်း	များ	နည်း	များ	များ	နည်း	များ	နည်း
အသုံးစရိတ်	K K K	K K K	K K K K K K	K K K K K K K K K	K K K K K K K K K	K K K K K K K K K	K K K K K K K K K	K K K K K K K K K	K K K K K K	K K K K K K	K K K K K K	K K K K K K
ချေးငွေလိုအပ်မှု	နည်း	နည်း	နည်း	နည်း	များ	များ	များ	များ	များ	များ	များ	များ
ဝမ်းစာဖူလုံမှု	နည်း	နည်း	နည်း	နည်း	နည်း	နည်း	များ	နည်း	နည်း	နည်း	နည်း	များ
သောက်သုံးရေရရှိမှု	နည်း	နည်း	နည်း	များ	များ	များ	နည်း	နည်း	နည်း	နည်း	နည်း	များ
တိရိစ္ဆာန်အစာရရှိမှု	များ	နည်း	များ	များ	နည်း	နည်း	နည်း	နည်း	များ	များ	များ	များ
တိရိစ္ဆာန်ရောဂါကျရောက်မှု	-	-	ခွံနာ/ဖျားနာ	-	-	-	-	-	ခွံနာ/ဖျားနာ	-	-	-
ကျန်းမားရေးအခြေအနေ	-	-	ဝမ်းပျက်	ဝမ်းပျက်	-	-	တုတ်ကွေးဖျား	-	-	-	-	-
သီးနှံပိုးမွှားရောဂါ ကျရောက်မှု	-	-	ခဲမ်းပျဉ်း	-	-	ခပါးနီတိုပိုး	-	-	ဖြေဝဲဂျက်စားပိုး	-	-	-
ပွဲတော်	-	ဆောင်ရွက်ခြင်း	-	-	-	-	မီးတွန်းပွဲ	-	-	-	-	-
သဘာဝဘေးအန္တရာယ်	-	ကြက်မြီး	-	-	ရေကြီး	-	-	-	-	-	-	-

သလဲဘာကျေးရွာအုပ်စု၊ သလဲဘာကျေးရွာ၏ ကျေးရွာအတွင်း/ရွာအပြင်အဖွဲ့အစည်းများမြေပုံ



သလဲဘာကျေးရွာအုပ်စု၊ သလဲဘာကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁။	ဦးကျော်ငွေ	ဦးမောင်ငယ်	၅/ဝလန(နိုင်)၀၉၄၇၂၄		ဥက္ကဋ္ဌ	09792052971
၂။	ဒေါ်ငြိမ်းလွဲဖြူ	ဦးဘိုရှမ်း	၅/အရတ(နိုင်)၁၁၈၀၁၄	၃၁	ဘဏ္ဍာရေးမှူး	
၃။	ဦးဝါအေး	ဦးတင်ဆောင်	၅/အရတ(နိုင်)၀၇၉၄၄၂	၅၀	စာရင်းကိုင်	
၄။	ဦးနန်းဝင်း	ဦးမောင်စိန်	၅/အရတ(နိုင်)၁၆၈၈၂၉	၃၈	အတွင်းရေးမှူး	
၅။	ဦးချမ်းမင်းအေး	ဦးစိုးမြင့်	၅/အရတ(နိုင်)၁၅၆၆၈၆	၂၅	အဖွဲ့ဝင်	
၆။	ဒေါ်ရီရီချို	ဦးအေးကို	၅/ဝလန(နိုင်)၂၀၄၅၈၂	၃၂	အဖွဲ့ဝင်	
၇။	ဒေါ်ရွက်ဖူးဝေ	ဦးကျော်ဟိန်း	၅/အရတ(နိုင်)၁၆၈၈၉၂	၂၄	အဖွဲ့ဝင်	

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ အရာတော်မြို့နယ်၊ သလဲဘာကျေးရွာအုပ်စု၊ သလဲဘာကျေးရွာ
ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	**ရပ်မိရပ်ဖများ**					
	• သွားလာရခက်ခဲခြင်း	• ကျေးရွာတွင်းလမ်းများ ကျဉ်းမြောင်းခြင်း၊ ရေစီး ရေလာမကောင်းခြင်း၊ ရေမြောင်းများမရရှိခြင်း	• မူလလမ်းရှိခြင်း၊ အိမ်ဝန်း ရှင်များမှ လမ်းအတွက် မြေပေးနိုင်ခြင်း၊လုပ်အား/ ငွေအား ပါဝင်နိုင်ခြင်း	• ငွေကြေးမလုံ လောက်ခြင်း၊ စက် ယန္တရားလက်လှမ်း မီမှုမရှိခြင်း၊ နည်းပ ညာမသိခြင်း	• ကျေးရွာမှလမ်းကော် မတီနှင့် ရပ်မိရပ်ဖများ ပူးပေါင်း၍ ရန်ပုံငွေရရှိ ရန်အလှူရှင်များ ရှာဖွေ ဆောင်ရွက်သွားရန်၊	• ကျေးရွာတွင်းလမ်း များပြုပြင်ခြင်းလုပ် ငန်းအားဆောင်ရွက် သွားပါမည်။
၂	**စိုက်ပျိုးရေး(တောင်သူလယ်သမားအုပ်စု)**					
	• သွားလာရခက်ခဲခြင်း	• ကျေးရွာတွင်းလမ်းများ ကျဉ်းမြောင်းခြင်း၊ ရေစီး ရေလာမကောင်းခြင်း၊ ရေမြောင်းများမရရှိခြင်း	• မူလလမ်းရှိခြင်း၊ အိမ်ဝန်း ရှင်များမှ လမ်းအတွက် မြေပေးနိုင်ခြင်း၊လုပ်အား/ ငွေအား ပါဝင်နိုင်ခြင်း	• ငွေကြေးမလုံ လောက်ခြင်း၊ စက် ယန္တရားလက်လှမ်း မီမှုမရှိခြင်း၊ နည်းပ ညာမသိခြင်း	• ကျေးရွာမှလမ်းကော် မတီနှင့် ရပ်မိရပ်ဖများ ပူးပေါင်း၍ ရန်ပုံငွေရရှိ ရန်အလှူရှင်များ ရှာဖွေ ဆောင်ရွက်သွားရန်၊	• ကျေးရွာတွင်းလမ်း များပြုပြင်ခြင်းလုပ် ငန်းအားဆောင်ရွက် သွားပါမည်။

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၃	**အမျိုးသမီးအဖွဲ့**					
	• ကျန်းမာရေးအသိ ပညာပေးဟောပြောပွဲ ကျင်းပပေးရန်	• ကျေးရွာမှတင်ပြတောင်း ခံမှုမရှိခြင်း	• ကျေးရွာမှ ဆရာ/ဆရာမ နေရာထိုင်ခင်းအဆင်ပြေ စေရေးကူညီဆောင်ရွက် ပေးနိုင်ခြင်း	• ငွေကြေးအခက် အခဲရှိခြင်း	• ကျေးရွာအုပ်ချုပ်ရေးမှူး ရပ်မိရပ်ဖများပူးပေါင်း၍ ဌာနသို့တင်ပြတောင်း ဆို ရန်	• သက်ဆိုင်ရာဌာန များ၊ပုဂ္ဂိုလ်များနှင့် ချိတ်ဆက်၍အကူ အညီအထောက်အပံ့ ရရှိနိုင်ရေးတင်ပြ ဆောင်ရွက်သွားမည်။

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၄	**စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ**					
	• ကျောင်းဝန်ထမ်းအိမ်ရာရရှိရေးဆောင်ရွက်ရန်	• ကျေးရွာမှတင်ပြတောင်းခံမှုမရှိခြင်း	• ကျေးရွာမှ ဆရာ/ဆရာမ နေရာထိုင်ခင်းအဆင်ပြေစေရေးကူညီဆောင်ရွက်ပေးနိုင်ခြင်း	• ငွေကြေးအခက်အခဲရှိခြင်း	• ကျေးရွာအုပ်ချုပ်ရေးမှူးရုပ်မိရုပ်ဖများပူးပေါင်း၍ ဌာနသို့တင်ပြတောင်းဆို ရန်	• သက်ဆိုင်ရာဌာနများ၊ပုဂ္ဂိုလ်များနှင့် ချိတ်ဆက်၍အကူအညီအထောက်အပံ့ရရှိနိုင်ရေးတင်ပြဆောင်ရွက်သွားမည်။
၅	**လူငယ်အဖွဲ့**					
	• စာကြည့်တိုက်စာအုပ်စာပေရရှိရေး ဆောင်ရွက်ရန်	• လူငယ်လူရွယ်များအသိအမြင်ဗဟုသုတနည်းပါးခြင်း	စာဖတ်သူများပြားခြင်း	• ငွေကြေးအခက်အခဲရှိခြင်း	• ကျေးရွာရှိအဖွဲ့အစည်းများနှင့်သက်ဆိုင်ရာပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ချိတ်ဆက်ရန်	စာကြည့်တိုက်အင်္ဂါရုပ်နှင့်အညီစာအုပ်စာပေရရှိနိုင်ရေးအတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားမည်။

သလဲဘာကျေးရွာအုပ်စု၊ သလဲဘာကျေးရွာ၏
ကျေးရွာမှအဆိုပြုသော စီမံချက်များအတွက် ဦးစားပေးအဆင့် ခွဲခြားသတ်မှတ်ခြင်း

စဉ်	စီမံချက်	အကဲဖြတ်အမှတ်ပေးသူ (၁)	အကဲဖြတ်အမှတ်ပေးသူ (၂)	အကဲဖြတ်အမှတ်ပေးသူ (၃)	အကဲဖြတ်အမှတ်ပေးသူ (၄)	အကဲဖြတ်အမှတ်ပေးသူ (၅)	အကဲဖြတ်အမှတ်ပေးသူ (၆)	အကဲဖြတ်အမှတ်ပေးသူ (၇)	အကဲဖြတ်အမှတ်ပေးသူ (၈)	အကဲဖြတ်အမှတ်ပေးသူ (၉)	အကဲဖြတ်အမှတ်ပေးသူ (၁၀)	စုစုပေါင်း	အဆင့်
၁။	ဂျင်းခင်းခြင်းလုပ်ငန်း	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀၀	၁
၂။	စာကြည့်တိုက်စာအုပ်စာပေရရှိရေးဆောင်ရွက်ရန်	၁၀	၁၀	၁၀	၇	၉	၇	၈	၉	၅	၁၀	၈၅	၂
၃။	ကျန်းမာရေးအသိပညာပေးဟောပြောပွဲကျင်းပပေးရန်	၁၀	၁၀	၅	၇	၉	၅	၆	၇	၆	၉	၇၄	၃
၄။	ကျောင်းဝန်ထမ်းအိမ်ရာရရှိရေးဆောင်ရွက်ရန်	၅	၉	၉	၃	၉	၇	၅	၇	၂	၁၀	၆၆	၄

စစ်ကိုင်းတိုင်းဒေသကြီးမုံရွာခရိုင်၊
အရာတော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
၂၀၂၄-၂၀၂၅ခု၊ ဘဏ္ဍာရေးနှစ်တွင် (VDP)စီမံကိန်းဆောင်ရွက်မည့်
သလဲဘာကျေးရွာ၏ နှစ်အလိုက်ဦးစားပေးစီမံချက်

စဉ်	စီမံချက်(Project)	ဦးစားပေးအဆင့်	၂၀၂၄	၂၀၂၅	၂၀၂၆	၂၀၂၇	၂၀၂၈
၁	ဂျင်းခင်းခြင်းလုပ်ငန်း	၁	✓				
၂	စာကြည့်တိုက်စာအုပ်စာပေရရှိရေးဆောင်ရွက်ရန်	၂		✓	✓	✓	✓
၃	ကျန်းမာရေးအသိပညာပေးဟောပြောပွဲ	၃		✓	✓	✓	✓
၄	ကျောင်းဝန်ထမ်းအိမ်ရာရရှိရေးဆောင်ရွက်ရန်	၄		✓	✓	✓	✓

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၂၀	၃၂	၅၂
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၄၆	၆၀	၁၀၆
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၁၂၀	၁၄၀	၂၆၀
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၁၃၀	၁၆၅	၂၉၅
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၇၀၀	၉၀၀	၁၆၀၀
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၁၂၆	၁၈၇	၃၀၇
စုစုပေါင်း		၁၁၃၆	၁၄၈၄	၂၆၂၀
စုစုပေါင်း အိမ်ထောင်စု				၅၅၈

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ သလဲဘာကျေးရွာတွင်အိမ်ထောင်စုပေါင်း ၅၅၈စုရှိပြီး စုစုပေါင်း ကျား(၁၁၃၆) ဦး မိန်းကလေးဦးရေ (၁၄၈၄)ရှိပြီး အလုပ်လုပ်နိုင်သည့်ဦးရေ များပြားကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၄၈၈	၉၀၀		မြင့် ☐ လတ် ☑နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၆	၆	၄	မြင့်☐လတ် ☐နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား /	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ဝန်ထမ်း				
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၄	၄	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၃၀	၃၀	၀	မြင့် ☐ လတ် ☑ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၂	၂	၀	မြင့်☐ လတ် ☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၁	**လက်လီ– လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၅	၁၅	၀	မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၇	၇	၀	မြင့် ☐ လတ် ☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၆	၆	၀	မြင့်☐ လတ် ☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐ နိမ့် ☐
	အလုပ်သမား/ဝန်ထမ်း	၁၂	၁၂	၀	မြင့် ☐ လတ်☑ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၂	၂	၀	မြင့် ☐ လတ် ☐ နိမ့် ☑
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၀	၀	၀	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း	၅၅၈	၉၇၈		☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ သလဲဘာကျေးရွာတွင် စိုက်ပျိုးရေးကိုသာ အဓိကထားလုပ်ဆောင်ပြီး မွေးမြူရေးလုပ်ငန်းများအနေဖြင့် နွားကိုသာ အဓိကထားမွေးမြူကြပြီး သိုး၊ဆိတ်၊ ဝက်၊ ကြက်များကို တစ်ပိုင်တစ်နိုင်မွေးမြူကြသည်။ပန်းရန်၊ လက်သမား၊အပ်ချုပ်လုပ်ငန်းနှင့် လက်လီလက်ကားဈေးဆိုင်များ အနည်းငယ်ရှိပါသည်။ အခြားဒေသများသို့ သွားရောက်အလုပ်လုပ်သူများလည်း အနည်းငယ်ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၁၅၀၀၀	၁၀၀၀၀	၉၀၀၀	၇၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၀	၀	၀	၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	၀	၀	၀	၀
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	၀	၀	၀	၀
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၀	၀	၀	၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀၀၀၀	၈၀၀၀	၇၀၀၀	၅၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	၀	၀	၀	၀
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၀	၈၀၀၀	၀	၅၀၀၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	၀	၀	၀	၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	၀	၀	၀	၀

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ သလဲဘာကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်သားများ၏ တစ်ရက်ဝင်ငွေမှာ ကျား(၁၅၀၀၀)နှင့်မ(၉၀၀၀)ကျား/မတန်းတူအခွင့်အရေး မရရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၈) သဘာဝရင်းမြစ်များ

(၈-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၁၀၀၀	ကောင်း ☐	သင့် ☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၄၀၀	ကောင်း ☐	သင့် ☑	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့် ☐	ညံ့ ☐
ကိုင်း / ကျွန်းမြေ	၂၀၀	ကောင်း ☐	သင့် ☑	ညံ့ ☐
ဓနိတောမြေ		ကောင်း ☐	သင့် ☐	ညံ့ ☐
စားကျက်မြေ	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐	သင့် ☐	ညံ့ ☐
စုစုပေါင်း	၁၆၀၀	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ သလဲဘာကျေးရွာတွင် လယ်ယာမြေနှင့် ကိုင်းကျွန်းမြေများ အများစုရှိပြီး မြေဆီလွှာအရည်အသွေးမှာ ကောင်းမွန်မှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ☐ သင့် ☐ နည်း☐ မရှိ☑	လွယ်☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ☐ သင့်☐နည်း☑ မရှိ☐	လွယ်☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ	များ☐ သင့်☐နည်း☑ မရှိ☐	လွယ်☐ခက် ☐

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
(နွားစာ၊ဆေးဘက်ဝင်အပင်များ)		အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ☐ သင့် ☐နည်း☑ မရှိ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ သလဲဘာကျေးရွာတွင် အခြားတွင်းထွက်သယံဇာတများ မထွက်ရှိပါ။ ကျေးရွာ၏ပတ်ဝန်းကျင်တွင် သဲများပေါများသော်လည်း ထုတ်ယူရန်ခက်ခဲပြီး အသင့်အတင့်သာ ရှိပါသည်။ သဘာဝမျိုးတိရစ္ဆာန်မျိုးစိတ်များ အသင့်အတင့်သာရှိပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၅၀	၁၀၈	၃၀၀	၁၀၀

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ သလဲဘာကျေးရွာတွင် မပြေလည်သောအိမ်ထောင်စုများပြီး အဆင်ပြေသော အိမ်ထောင်စု အနည်းငယ်သာရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(c) ထိခိုက်လွယ်မှု

(c–၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၃ လနှင့် ၆ လကြား	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀

အချိန်ကာလ	အိမ်ထောင်စု အရေ အတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
ဝမ်းစာဖူလုံမှု		အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာခနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀
ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။

(၄-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ
ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	၀	၀	၀
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	၀	၀	၀
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု			၀
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု			၀
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			၀

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ သလဲဘာကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အိမ်ထောင်စု မရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(ဇ-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု အခြေအနေ (မှန်ရာတစ်ခုကိုသာ ရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေ မည့် အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	**နိမ့်**	**လတ်**	**မြင့်**	**နိမ့်**	**လတ်**	**မြင့်**
၁	မြစ်ရေကြီးမှု	✓			✓		
၂	လျှပ်တပြတ်ရေကြီးခြင်း	✓			✓		
၃	မုန်တိုင်းဒီရေ	✓			✓		
၄	ဆူနာမီ	✓			✓		
၅	တိုင်ဖုန်းမုန်တိုင်း	✓			✓		
၆	လေဆင်နှာမောင်း	✓			✓		
၇	ငလျင်	✓			✓		
၈	အပူလှိုင်း	✓			✓		
၉	စိုက်ပျိုးမြေများတွင်ရေငံဝင် ရောက်မှု	✓			✓		
၁၀	အအေးလှိုင်း	✓			✓		
၁၁	မိုးသီးကြွေကျမှု	✓			✓		
၁၂	မိုးခေါင်ခြင်း	✓			✓		
၁၃	တောမီးလောင်ခြင်း	✓			✓		
၁၄	မြစ်ကမ်းပါးပြုခြင်း	✓			✓		
၁၅	ကမ်းရိုးတန်းတိုက်စားမှု	✓			✓		
၁၆	မြေပြိုခြင်း	✓			✓		
	လူကြောင့်ဖြစ်တဲ့ဘေး အန္တရာယ်များ	**နိမ့်**	**လတ်**	**မြင့်**	**နိမ့်**	**လတ်**	**မြင့်**
၁၇	စားနပ်ရိက္ခာမဖူလုံမှု	✓			✓		
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)	✓			✓		
၁၉	မြေပြိုခြင်း၊မြေဆီလွှာ ပျက်စီးခြင်း	✓			✓		
၂၀	သစ်တောပြုန်းတီးခြင်း	✓			✓		

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု အခြေအနေ (မှန်ရာတစ်ခုကိုသာ ရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေ မည့် အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၂၁	၄က်ဖျားရောဂါ	✓			✓		
၂၂	တီဘီရောဂါ	✓			✓		
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	✓			✓		
၂၄	ကပ်ရောဂါ	✓			✓		
၂၅	ပြည်တွင်းပဋိပက္ခ	✓			✓		
၂၆	တိရစ္ဆာန်ကူးစက်ရောဂါ ကျရောက်မှု	✓			✓		
၂၇	လူကုန်ကူးခြင်း	✓			✓		
၂၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲခြင်း စသည်	✓			✓		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။

အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် – နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု – လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် – မြင့်)

လေ့လာတွေ့ရှိချက်။ သလဲဘာကျေးရွာတွင် စား၀တ်နေရေးအတွက် အဆင်ပြေကြပြီး မိုးရာသီတွင် မူးမြစ်နှင့်နီးသည့်အတွက် တစ်ခါတစ်ရံ ရေကြီးတတ်ပါသည်။ရာသီဥတုဖောက်ပြန်ခြင်းကြောင့် မိုးခေါင် ခြင်းကို နှစ်စဉ်ကြုံတွေ့နေရပါသည်။လမ်းပန်းဆက်သွယ်ရေးအနေဖြင့် အသင့်အတင့် ကောင်းမွန် ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဇ-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ
ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှု လျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်	✓			✓		
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	✓			✓		
၃	ဆင်းရဲသားတောင်သူ	✓			✓		
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	✓			✓		
၅	ပင်လယ်/မြစ်ကမ်းဘေး နေထိုင်သူများ	✓			✓		
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာတွင် နေထိုင်သူများ	✓			✓		
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	✓			✓		
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	✓			✓		
၉	ငါးကန်ပိုင်ရှင်များ	✓			✓		
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	✓			✓		
၁၁	လူနည်းစုလူမျိုးများ	✓			✓		
၁၂	ဒေသတွင်းပဋိပက္ခ ဇရိယာတွင် နေထိုင်သူများ	✓			✓		
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	✓			✓		
၁၄	ရွှေတွင်းလုပ်သားများ	✓			✓		
၁၅	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	✓			✓		
၁၆	နေရပ်ပြန် အခြေချသူများ	✓			✓		
၁၇	ရွှေ့ပြောင်းလုပ်သားများ	✓			✓		
၁၈	ကားမောင်းပြီး အသက်မွေးသူများ	✓			✓		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။
မှတ်ချက်။ ။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။
လေ့လာတွေ့ရှိချက်။ သလဲဘာကျေးရွာတွင် လက်လုပ်လက်စားနှင့်ကျပန်းလုပ်ကိုင်သူများ အနည်းငယ်ရှိပါသည်။
(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ
(က–၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	လူငယ်ပရဟိတအဖွဲ့	၁ □၂ □၃ □	၁၀	၁၃	၂၃	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□သာရေး၊နာရေး၊ လူမှုဖွံ့ဖြိုးရေး☑လုံခြုံရေး နှင့် ကာကွယ်ရေး□	ကောင်း□ သင့်☑ ညံ့□
၂	ကျောင်းကော်မတီ	၁ □၂ □၃ □	၁၁	၂	၁၃	ပညာရေး☑ငွေကြေး□ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး □□လုံခြုံရေးနှင့် ကာကွယ်ရေး□	ကောင်း□ သင့်☑ ညံ့□
၃	ဘာသာရေးအဖွဲ့	၁ □၂ □၃ □	၇	၀	၇	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး□ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး □□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်☑ ညံ့□

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကို သာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၄	ကာလသား အဖွဲ့	၁ □၂ □၃ □	၇	၀	၇	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး□	ကောင်း□ သင့်☑ ညံ့□
၅	လမ်းကော် မတီ	၁ □၂ □၃ □	၁၀	၃	၁၃	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ □ စိုက်ပျိုးမွေးမြူရေး□ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး□	ကောင်း□ သင့်☑ ညံ့□
၆	ရေ/မီးကော် မတီ	၁ □၂ □၃ □	၁၀	၉	၁၉	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး□	ကောင်း□ သင့်☑ ညံ့□
၇		၁ □၂ □၃ □				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ သလဲဘာကျေးရွာအတွင်းရှိ အဖွဲ့အစည်းအသီးသီးသည် ဘာသာရေး၊ ပညာရေး၊ သာရေး၊ နာရေး၊ လူမှုဖွံ့ဖြိုးရေးသာမက ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာလုပ်ဆောင်ကြသော်လည်း တစ်ဖွဲ့နှင့်တစ်ဖွဲ့ချိတ်ဆက်မှုအားနည်းကြောင်းစည်းလုံးညီညွတ်စွာ ပါဝင် ဆောင်ရွက်ကြကြောင်း လေ့လာတွေ့ရှိရပါသည်။

(က–၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	ပက်မြန်မာ	၁ □၂ ☑၃ □၄ □ ၅ □၆ □၇ □	ပညာရေး □ငွေကြေး ☑ကျန်းမာရေး □ဘာသာရေး □စိုက်ပျိုးမွေးမြူရေး □သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၂	စထာပနာ	၁ □ ၂ ☑၃ □၄ □ ၅ □၆ □၇ □	ပညာရေး □ငွေကြေး ☑ကျန်းမာရေး □ဘာသာရေး □စိုက်ပျိုးမွေးမြူရေး □သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၃	မဟာစိုက်ပျိုးရေး	၁ □၂ ☑၃ □၄ □ ၅ □၆ □၇ □	ပညာရေး □ငွေကြေး ☑ကျန်းမာရေး □ဘာသာရေး □စိုက်ပျိုးမွေးမြူရေး □သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၄		၁ □၂ □၃ □၄ □ ၅ □၆ □၇ □	ပညာရေး □ငွေကြေး □ကျန်းမာရေး □ဘာသာရေး □စိုက်ပျိုးမွေးမြူရေး □သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၅		၁ □၂ □၃ □၄ □ ၅ □၆ □၇ □	ပညာရေး □ငွေကြေး □ကျန်းမာရေး □ဘာသာရေး □စိုက်ပျိုးမွေးမြူရေး □သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
			□
၆		၁ □၂ □၃ □ ၅ □၆ □၇ □	ပညာရေး □ငွေကြေး □ကျန်းမာရေး □ဘာသာရေး □စိုက်ပျိုးမွေးမြူရေး □သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ– ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ သလဲဘာကျေးရွာဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများဖြစ်သည့် ပက်မြန်မာ၊ စထာပနာ၊ မဟာစိုက်မျိုးရေး အသင်းစုများမှာ ရွာသူ/သားများအတွက် အသေးစား ချေးငွေလုပ်ငန်းများ လာရောက်လုပ်ကိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၁၀၀	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၈၀	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧကကြား	၂၂၀	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧကကြား	၁၀၈	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၅၀	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၅၅၈	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ သလဲဘာကျေးရွာတွင် တောင်သူဦးရေများပြားပြီး မြေယာမဲ့သည့် အိမ်ထောင်စုအနည်းငယ်သာရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐
၂	ရေလွှဲဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၃	မြစ်ရေတင်စီမံကိန်း	၁၀၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐
၄	ရေသွင်းမြောင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐
၅	အဝီစိတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐
၆	လက်ငင်းရေတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐
၇	စိမ့်စမ်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐
၈	ချောင်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ သလဲဘာကျေးရွာတွင် လယ်ယာမြေများအား အရာတော်(၃) မြစ်ရေတင်စီမံကိန်းမှ ရာသီအလိုက်ရေပေးဝေစနစ်ဖြင့်လည်းကောင်း၊ မိုးရေဖြင့်လည်းကောင်း ၊ အဝီစိတွင်းများမှ လည်းကောင်း ရေသွင်းစိုက်ပျိုးကြောင်း လေ့လာတွေ့ရှိရပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေ အထွက်နှုန်း				သီးနှံစိုက်ပျိုးသည့် ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
စပါး	၁၀၀၀	တင်း	၄၀	၇၀	၆၀	ဧပြီလိုင်	ဩဂုတ်	မြင့် □လတ် ☑နိမ့် □	မြင့် □လတ် ☑နိမ့် □
မြေပဲ	၆၀၀	တင်း	၃၀	၆၀	၄၅	စက်တင်ဘာ	ဇန်နဝါရီ	မြင့် □လတ် ☑နိမ့် □	မြင့် □လတ် ☑နိမ့် □
လျှော်ဖြူ	၃၀	ပင်	၈၀	၁၂၀	၁၀၀	စတင်ချိန်	၄နှစ်အတွင်း	မြင့် □လတ် ☑နိမ့် □	မြင့် □လတ် ☑နိမ့် □
သရက်	၂၀	ပင်သာ	၈၀	၁၂၀	၁၀၀	ဧပြီလိုင်	ဩဂုတ်	မြင့် □လတ် ☑နိမ့် □	မြင့် □လတ် ☑ နိမ့် □
								မြင့်□ လတ်□ နိမ့် □	မြင့်□ လတ်□ နိမ့် □
								မြင့်□ လတ်□ နိမ့် □	မြင့်□ လတ်□ နိမ့် □

